

# မဲခေါင် အမျိုးသမီးများ
# နှင့်
# လွတ်လပ်သောသတင်းအချက်အလက်

## မြန်မာအစီရင်ခံစာ

OPEN DEVELOPMENT INITIATIVE
AN EAST-WEST MANAGEMENT INSTITUTE PROJECT

## နောက်ဆက်တွဲ - ၃
## အချက်အလက်များ စီမံခန့်ခွဲမှု အစီရင်ခံစာရှိ မြန်မာအမျိုးသမီးများနှင့် ပတ်သက်သည့် အကြောင်းအရာ အနှစ်ချုပ်

### ပွင့်လင်း သတင်းအချက်အလက်များ *(Open Data)* နှင့် နည်းပညာများကို ရယူသုံးစွဲရာတွင် ကျား/မ အကြား မညီမျှမှု ပြဿနာများသည် စနစ်ဆိုင်ရာ အဟန့်အတားများ၏ အကျိုးဆက်အဖြစ် ဆက်လက်တည်ရှိနေခြင်း

### အကြောင်းအရာ

မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ လေးပုံ သုံးပုံနီးပါးသည် ဝင်ငွေနည်းပါးကြပြီး အမျိုးသမီးလူဦးရေသည် အမျိုးသားလူဦးရေထက် ပိုမိုများပြားကြသည်။

ကျား/မ တန်းတူညီမျှရှိမှုအဆင့်သည် အလယ်အလတ်အဆင့်၌တည်ရှိပြီး ကမ္ဘောဒီးယားနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံတို့ထက် မြင့်မားသော်လည်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ထက်မူ နိမ့်ကျနေသေးကြောင်း ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (GDI) ၏ တိုင်းတာမှုများအရ သိရှိရသည်။ အမှန်တစ်ကယ်ဖြစ်ပေါ်နေသည့် သိသာထင်ရှားသော မညီမျှမှုများအဖြစ် အမျိုးသမီးများ၏ စာတတ်မြောက်မှုနှုန်းမှာ နိမ့်ကျနေဆဲဖြစ်ပြီး သာမန်အိမ်အလုပ်များကို လုပ်ကိုင်ကြရသူ အရေအတွက်သည် မြင့်မားနေသည့်တိုင်အောင် အမျိုးသမီးများသည် ၎င်းတို့ကိုယ် ၎င်းတို့ “အလုပ်လက်ကိုင်ရှိသည့်သူများ” အဖြစ် တင်ပြကြသည်။ ကျား/မအခြေပြု အခွင့်အာဏာ ကွဲပြားမှုများ၊ ကျား/မရေးရာအခန်းကဏ္ဍနှင့် မျှော်လင့်ချက်များအပြင် အဖွဲ့အစည်းဆိုင်ရာမက်လုံးများမရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် ကျား/မ မညီမျှမှုများကို စနစ်တကျ မကိုင်တွယ်နိုင်သေးကြောင်း သိရှိရသည်။

ကျား/မ မညီမျှမှုသည် အဆင့်မြင့် ဆုံးဖြတ်ချက်များအား ချမှတ်ပေးခြင်းအပေါ် ဆက်လက် သက်ရောက်နေဆဲဖြစ်ပြီး အမျိုးသမီးအရေတွက်မှာ လွှတ်တော်၏ (၁၀) ရာခိုင်နှုန်းအောက်သာ ရာထူးနေရာရနေပြီး ဝန်ကြီးအဆင့်တွင် (၅) ရာခိုင်နှုန်းမျှသာ အမျိုးသမီးများအတွက် ရာထူးနေရာရရှိကြသည်။

လွတ်လပ်စွာ သတင်းအချက်အလက်ရယူခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း အဆင့်တို့သည် ယေဘုယျအားဖြင့် အတော်ပင် နိမ့်ကျနေပါသေးသည်။ အင်တာနက်ရရှိနိုင်မှု တိုးတက်လာပြီး SIM နှင့် အင်တာနက် ထိုးဖောက်ဝင်ရောက်မှုမှာ သိသိသာသာ တိုးတက်လာခဲ့သော်လည်း ကျား/မ သုံးစွဲရယူမှုအနေဖြင့် နိုင်ငံအတွင်း အင်တာနက်အသုံးပြုရန် အဓိကနည်းလမ်းများဖြစ်သည့် ကိုယ်ပိုင်မိုဘိုင်းဖုန်းပိုင်ဆိုင်မှု၌ အမျိုးသမီးများသည် အမျိုးသားများထက် ၂၈ ရာခိုင်နှုန်း လျော့နည်းသည်။ နိုင်ငံအတွင်းရှိ ဖေ့စ်ဘွတ်အသုံးပြုသူ ၂၁ သန်းခန့် အနက် ၆၂ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ကြပြီး ၎င်းအရေအတွက်ထက် ထက်ဝက်နီးပါးရှိသော ၃၈ ရာခိုင် နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။

Open Data သည် ပွင့်လင်းသောအစိုးရအတွက် အရေးပါလာကြောင်း ၂၀၁၂ခုနှစ်တွင် လူသိများလာသည်။ သို့သော် မြန်မာနိုင်ငံအစိုးရ၏ ပွင့်လင်းမိတ်ဖက်အစိုးရပူးပေါင်းမှု (OGP) အဖွဲ့ဝင်အဖြစ် တင်သွင်းသည့် ၂၀၁၆ ခုနှစ် အကဲဖြတ်လျှောက်လွှာ အပေါ် OGP အဖွဲ့ဝင်များအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိကြောင်း ဆုံးဖြတ်ချက် ရရှိပြီးချိန်မှစ၍ တိုးတက်မှုမရှိခဲ့ပေ။ လက်ရှိတွင် မြန်မာနိုင်ငံ၏ Open Data ဂေဟစနစ်တွင် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်ကြသည်။

### သက်ဆိုင်ရာမူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံသားများအတွက် ကျား/မကွဲပြားမှု အပါအဝင် စရိုက်လက္ခဏာများစွာအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ပေးထားသည်။ သို့ရာတွင် နိုင်ငံသားအခွင့်အရေးသည် အဆင့်များစွာရှိပြီး တိုင်းရင်းသားများအလိုက် သင့်လျော်သည့်ရပိုင်ခွင့်များ ရှိသည်။ အမျိုးသမီးများသည် အဆိုပါကန့် သတ်ချက်များအပြင် လက်တွေ့တွင် ဓလေ့ထုံးတမ်း ကန့်သတ်ချက်များကိုလည်း လက်ခံပေးရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ်ပေးမှုအပြင် အိမ်တွင်းအကြမ်းဖက်မှု ဆန့်ကျင်ရေးဥပဒေမူကြမ်းကို ရေးဆွဲထားပြီး လောလောဆယ်တွင် ၎င်းအား လွှတ်တော်တွင်း ဆွေးနွေးတိုင်ပင်နေမှုများကို စောင့်ဆိုင်းနေရသော်လည်း အမျိုးသမီးများ၏ အခွင့်အရေးများအပေါ် ဥပဒေဆိုင်ရာ အကာအကွယ်ပေးမှုများကို ကန့်သတ်ထားသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသော်လည်း

အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားလုံခြုံရေး သို့မဟုတ် ပြည့်သူ့စည်းမျဉ်းများအပေါ် သက်ရောက်မှုမရှိဘဲ အတိုင်းအတာတစ်ခုအထိ ကန့်သတ်ထားပါ သည်။ နိုင်ငံသားတို့၏ဆက်သွယ်ရေးကိုလည်း ကာကွယ်ထားသည်။ သတင်းအချက်အလက် အခွင့်အရေးဥပဒေမူကြမ်းကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပြီး ထင်သာမြင်သာရှိသည့် တိုးတက်မှုများကို မြင်တွေ့ရခြင်း မရှိသေးပါ။

ခွင့်ပြုချက်မရှိဘဲ အချက်အလက်များနှင့် အင်တာနက်ဆက်သွယ်မှုများကို ကြားဖြတ်ရယူခြင်းတို့အတွက် အကာအကွယ်ပေးသော အခြေခံပြစ်မှုဆိုင်ရာ ဥပဒေအချို့ ရှိသော်လည်း အချက်အလက်အခွင့်အရေး သို့မဟုတ် အကာအကွယ်ပေးရေးတို့နှင့် သက်ဆိုင်သည့် သီးခြားဥပဒေများ မရှိသေးပေ။ အစိုးရသည်ဆိုက်ဘာလုံခြုံရေးမူဝါဒနှင့် ဥပဒေပြုရေးဆိုင်ရာ မူဘောင်သစ်တစ်ခုကို ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ တိုးတက်မှုအနည်းငယ်သာရှိသေးသည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) သည် ယေဘုယျအားဖြင့် နည်းပညာနှင့်ပတ်သက်သော ကြောင့် ကျား/မ ဖော်ပြချက်များ ပါရှိသော်လည်း နည်းပညာနှင့် ပတ်သက်၍ မူဝါဒများကို ကန့်သတ်ထား သည်။ မြန်မာနိုင်ငံ၏ မူဝါဒများအားလုံးသည် ကျား/မရေးရာနှင့် ပတ်သက်၍ ကောင်းစွာအသုံးမပြုကြပေ။

မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် (CEDAW) အပါအဝင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကြေငြာချက်များကိုလည်း လက်မှတ်ရေးထိုးထား သည်။

## တွေ့ရှိချက်များ

ဤသုတေသနတွင် ပါဝင်ဆွေးနွေး ဖြေကြားခဲ့သော အမျိုးသမီးများအနေဖြင့် အချက်အလက်များနှင့် သတင်းအချက်အလက်များသည် နေ့စဉ်ဘဝအတွက် အရေးကြီးကြောင်း ယုံကြည်ကြသော်လည်း ၎င်းသည် မြန်မာလူမျိုးအားလုံးအတွက် သာမန်အမြင်တစ်ခုဖြစ်ကြောင်း မယူဆကြခြင်းကို ဖော်ပြခဲ့သည်။ ဤအချက်သည် မြို့ပြ ပညာတတ်များနှင့် ကျေးလက်နေ ပညာရည်နိမ့်ကျသူများအကြားကွဲပြားခြားနားမှုကို ဖော်ညွှန်း ပြနေသည်။ တွေ့ဆုံဆွေးနွေး ဖြေကြားခဲ့သူများထံမှ အမျိုးမျိုးသော ကိရိယာများကို အသုံးပြု၍ သတင်းအချက်အလက်များကို ရယူခဲ့ကြသော်လည်း ဆိုရှယ်မီဒီယာအတွက်သာ အသုံးပြုခွင့်ပေးသော မိုဘိုင်းအင်တာနက် အစီအစဉ်များသည် စျေးနှုန်းချိုသာသောကြောင့် အမျိုးသမီးများသည် Smart phone ကို ဆိုရှယ်မီဒီယာအတွက် အဓိကထား အသုံးပြုကြကြောင်းဖော်ပြခဲ့သည်။ အမျိုးသားများသည် ငွေရေးကြေးရေးကို ထိန်းချုပ်ထားပြီး အမျိုးသမီးများအတွက် ငွေကြေးရရှိမှုကို ကန့်သတ်ထားသည့်အပြင် အမျိုးသမီးများ သည် ဝင်ငွေမရသော လုပ်ရိုးလုပ်စဉ် ပုံမှန်အိမ်အလုပ် များကိုသာ အများအားဖြင့် လုပ်ကိုင်ကြရသောကြောင့် ၎င်းတို့အတွက် သုံးစွဲရန်ငွေကြေး နည်းပါးသည်။

တွေ့ဆုံဆွေးနွေး ဖြေကြားခဲ့သူများသည် အချက်အ လက်များနှင့် သတင်းအချက်အလက်များကို ပုံမှန်လေ့လာရာတွင် ခက်ခဲမှုများရှိကြကြောင်း တွေ့ရှိရပြီး ၎င်းတို့သည် ၎င်းတို့လိုအပ်သော အချက်အလက်များကို စုဆောင်းရာ၌ မည်သည့်နေရာမှ ရယူရမည်ကို မသိခဲ့ကြခြင်းနှင့် မည်သည့်အချက်အလက်သည် မှန်ကန်ကြောင်းတို့ကိုလည်း မသိရှိကြခြင်းတို့ကြောင့် ဖြစ် သည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်း အပြင်းအထန်စည်းရုံးလှုံ့ဆော်သည့် ပြဿနာ များဖြစ်သော အမုန်းစကားများ၊ အင်တာနက် လုံခြုံ ရေးနှင့် မှားယွင်းသော သတင်း အချက်အလက်များ အတွက် အသိပညာများကို မြှင့်တင်ပေးသည့်အစီအစဉ်တစ်ခု ရှိသည်။

တွေ့ဆုံဆွေးနွေး ဖြေကြားခဲ့သူများသည် ကျား/မ ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ၏ အကျိုးဆက်ဖြစ်သည့် ကန့်သတ်ချက်များအပေါ် နားလည်ကြောင်း ဖော်ပြခဲ့ကြသော်လည်း အဆိုပါကန့်သတ်မှုများသည် အခြားသောမညီမျှမှုများနှင့် ရောနှောပေါင်းစပ်ကာ အမျိုး သမီးအချို့၏ သတင်းအချက်အလက်နှင့် နည်းပညာရယူသုံးစွဲနိုင်ခွင့်အပေါ် ပိုမိုကြီးမားသည့် မညီမျှမှုများ၊ အဟန့်အတားများ မည်သို့မည်ပုံ ဆင့်ကဲသက်ရောက်စေနိုင်သည်ဟူသည့်အချက်ကို ကောင်းစွာနားလည်သဘောပေါက်ခြင်း မရှိကြောင်း တွေ့မြင်ရပါသည်။ တွေ့ဆုံဆွေးနွေး ဖြေကြားခဲ့သူများက လက်ရှိ မညီမျှမှုများနှင့်ပတ်သက်၍ သိရှိနားလည်ကြောင်း ထုတ်ဖော်ပြောဆိုကြသော်လည်း အတိတ်ကာလတွင် အမျိုးသမီးများအား ဒစ်ဂျစ်တယ်နည်းပညာနှင့် သတင်းအချက် အလက်ရယူသုံးစွဲခွင့်မှ ပိုမိုဝေးကွာစေသည့် အကြောင်း အရာများ၊ အပြုအမူများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်ခဲ့သည်ဟူသည့် အဖြစ်ကို ထည့်သွင်းစဥ်းခြင်းမရှိခဲ့ကြောင်း ဝန်ခံပြောကြားကြပါသည်။

ဤအချက်သည် နည်းပညာရရှိမှုအပါအဝင် လူ့အဖွဲ့အစည်း၏ကဏ္ဍမျိုးစုံကို သက်ရောက်သည့် အဖွဲ့ အစည်းဆိုင်ရာ စနစ်ကျသည့် ယဉ်ကျေးမှုဆိုင်ရာ

ကျား/မကွဲပြားမှုဆိုင်ရာအမြင်များ၏ အခြေခံကျသော မှုဘောင်ကို ဖော်ပြသည်။ ထို့ကြောင့် နည်းပညာကို အသုံးပြုရာတွင် မညီမျှမှုကို တရားမျှတမှုရှိစေရန် အတွက် *circular logic* ကို အသုံးပြုခဲ့သည်။ ဥပမာ အားဖြင့် အမျိုးသမီးများ၏ အသိပညာ၊ အတွေ့အကြုံ နည်းပါးမှုနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှု မရှိခြင်း တို့သည် ကျား/မကွဲပြားမှုဆိုင်ရာ ဆိုက်ဘာအနိုင်ကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရမှု တို့အတွက် အကြောင်းရင်းများဖြစ်သောကြောင့် အမျိုးသားများသည် အမျိုးသမီးများအတွက် နည်းပညာ ရယူသုံးစွဲမှုအား ကန့်သတ်ထားခြင်း ဖြစ်သည်ဟု ခံယူထားကြသည်။ ဤသို့ ရယူသုံးစွဲခွင့်ကို ကန့်သတ်လိုက်သည့်အတွက် အမျိုးသမီးများသည် လိုအပ်သော ကျွမ်းကျင်မှုများ မရရှိနိုင်ပေ။ ဤသို့ဖြစ်ပွားမှုတွင် အနိုင်ကျင့်သူများနှင့် နှောင့်ယှက်သူများကဲ့သို့ ပြဿနာများအတွက် အမျိုးသားများသည် အပြောင်းအလဲလုပ်သင့်သည့်အရာများကို ထည့်သွင်းစဉ်းစားခြင်းမျိုးလည်း မရှိခဲ့ပေ။

တွေ့ရှိချက်များအရ ကျား/မအကြား ဒစ်ဂျစ်တယ် နည်းပညာများကို ရယူသုံးစွဲနိုင်ခွင့် ခွဲခြားမှုကို ကျော်လွှားရန် ခွဲခြားခံအမျိုးသမီးများကို ကူညီရေးအတွက် လိုအပ်သည့်အရာနှင့် ရရှိနိုင်သည့်အရာတို့အကြား ကွာဟမှုကိုလည်း တွေ့ရသည်။ အမျိုးသမီးများအတွက် အချက်အလက်များသာမက အခြေခံဝန်ဆောင်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ လိုအပ်ခြင်း၊ နေ့စဉ်ဘဝတွင် *(ဥပမာ-အိမ်တွင်း အကြမ်းဖက်မှု အစီရင်ခံခြင်းကဲ့သို့)* သတင်းအချက်အလက်ကို အသုံးပြုရန်အတွက် လက်တွေ့ပြုလုပ်နိုင်သည့် အဆင့်များ လိုအပ်ခြင်း၊ ဘာသာစကားများ *(တိုင်းရင်းသားလူနည်းစု ဘာသာစကားများ)* နှင့် ရရှိနိုင်သည့်ပုံစံများ *(အမြင်ပိုင်းဆိုင်ရာ)* များဖြင့် ပံ့ပိုးပေးခြင်းတို့အတွက် အမျိုးသမီးများသည် ကျွမ်းကျင်မှုများနှင့် ကိရိယာများရရှိမှုကို ကန့်သတ်ထားခြင်း ခံရသည်။ တွေ့ဆုံဆွေးနွေးဖြေကြားသူများ၏ တုန့်ပြန်ချက်များအရ နည်းပညာကို ခင်ပွန်းသည်နှင့် အမျိုးသားများက အမျိုးသမီးများကို ထိန်းချုပ်ရန် အသုံးပြုကြရာ၌ ဤကွာဟမှုမျိုးကို ဆက်လက်ဖြစ်ပေါ်နေမှုတွင် ကျား/မ စံသတ်မှတ်ချက်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း အကြံပြုထားသည်။

## အဟန့်အတားများ

ဘာသာစကားနှင့် ကွန်ပျူတာ *(ဒစ်ဂျစ်တယ်)* နည်းပညာ ကျွမ်းကျင်မှုအဆင့်နိမ့်ကျခြင်းသည် အမျိုးသမီးများ အနေဖြင့် အများပြည်သူ လွတ်လပ်စွာဝင်ရောက်ကြည့်ရှုနိုင်သော ပွင့်လင်းအချက်အလက်များ (Open Data) ကို လက်လှမ်းမီ လေ့လာနိုင်ရေးတွင် အဓိက အဟန့်အတား နေရာမှပါဝင်လျက် ရှိနေပါသည်။ အမျိုးသမီးများ၏ အနည်းငယ်မျှသော အစိတ်အပိုင်းဖြစ်သည့် မြို့ပြနေ ပညာတတ် အမျိုးသမီးများသာလျှင် (ဒစ်ဂျစ်တယ်) နည်းပညာကို အသုံးပြုနိုင်သော ကျွမ်းကျင်မှု အရည် အသွေးရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ အဟန့်အတားများသည် ဆင့်ကဲသက်ရောက်မှုများကို ပေါ်ပေါက်စေသည့် စနစ်ဆိုင်ရာ ကိစ္စရပ်များ (အထူးသဖြင့် ကျား/မဆိုင်ရာ လူမှုစံနှုန်းသတ်မှတ်ချက်များ) နှင့်အပြန်အလှန် ဆက်စပ်လျက်ရှိကြောင်း အချို့သောဖြစ်ရပ်များအရ သိရှိနိုင်၍ အဆိုပါအကျိုးဆက်ကြောင့် အမျိုးသမီးများအနေဖြင့် စီမံအုပ်ချုပ်ပိုင်ခွင့်အာဏာ ဆုံးရှုံးခြင်း၊ ငွေးပယ်ခံရခြင်း သံသရာစက်ဝန်းတစ်ခု ပေါ်ပေါက်လာစေပါသည်။ ဤကဲ့သို့အမျိုးသမီးများ၏ ကျွမ်းကျင်မှု ကင်းမဲ့ခြင်းကို အမျိုးသားများက အကြောင်းရင်းတစ်ရပ်အနေဖြင့် အသုံးချကာ အမျိုးသမီးများ နည်းပညာနယ်ပယ်သို့ လက်လှမ်းမှီ ဝင်ရောက်နိုင်ရေး၊ ထိုသို့ နည်းပညာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်ပိုင်နိုင်မှုများ ဆည်းပူးခွင့်ရရှိရေးကို ပိတ်ပင်တားဆီးကြပြီး ထိုသို့ပြုလုပ်ခြင်းအတွက် “အားနည်းသောအမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ခြင်း”ဟု အကြောင်းပြ ရှင်းချက်ထုတ်လေ့ရှိကြပါသည်။

## အစိုးရထံသို့အကြံပြုချက်များ

အစိုးရအနေဖြင့် အမျိုးသမီးများ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ နယ်ပယ်များ (STEM) တွင် ချိတ်ဆက်ပါဝင်စေရန် ဆွဲဆောင် စည်းရုံးသင့်သကဲ့သို့ အချက်အလက် သိပ္ပံပညာရပ်များ (Data Sciences) တွင် စိတ်ပါဝင်စားသည့် အမျိုးသမီးများအတွက် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များကို အစပျိုး လုပ်ဆောင်ပေးသင့်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အမျိုးသမီးများအနေဖြင့် အများပြည်သူ လွတ်လပ်စွာ ဝင်ရောက်ကြည့်ရှုနိုင်သည့် ပွင့်လင်းအချက်အလက် (Open Data) ဆိုင်ရာ လှုပ်ရှားမှုများတွင် ပိုမိုပါဝင်ခွင့်ရရှိနိုင်စေရန်အတွက် (ဥပမာအားဖြင့်) နည်းပညာကျွမ်းကျင် တတ်မြောက်မှု တည်ဆောက်မြှင့်တင်ခြင်း၊ အမျိုးသမီးများနှင့်ဆက်စပ်နေသည့် ကိစ္စရပ်များကို ဦးတည်ချက်ထားလုပ်ဆောင်ခြင်း စသည့် လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သင့်ပါသည်။

## အရပ်ဖက် လူမှုအဖွဲ့အစည်းများ

အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးများအား သတင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်မှုများ လေ့ကျင့်သင်ကြားပေးနိုင်စေရန်အတွက်

*(အင်တာနက် သတင်းအချက်အလက် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အပါအဝင်)* သတင်းအချက်အလက် ကျွမ်းကျင် တတ်မြောက်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင် ဖွင့်လှစ်ပေးသင့်ပါ သည်။

## သတင်းနှင့် အချက်အလက်များကို လက်လှမ်းမှီ ရယူနိုင်ခွင့် နည်းပါးခြင်း

ရုပ်ပိုင်းဆိုင်ရာ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများနှင့် ကွန်ပျူတာစက်ပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများ ကင်းမဲ့ခြင်းမှသည် ၎င်းပစ္စည်းကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရန်အတွက် ငွေကြေးလုံလောက်မှု မရှိခြင်း၊ သတင်းအချက်အလက်များ လုံးလုံးလျားလျား ကင်းမဲ့ခြင်း၊ သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်သည့် ဒစ်ဂျစ်တယ် ဆက်သွယ်ရေးလမ်းကြောင်းများ နည်းပါးခြင်း၊ ယုံကြည်စိတ်ချနိုင်မှု အားနည်းခြင်း၊ အရည်အသွေးနိမ့်ကျခြင်းတို့သည် အခြား အဓိက အဟန့်အတားတစ်ခုအဖြစ် ရှိနေပါသည်။ အဆိုပါ အဟန့်အတားသည် မြန်မာပြည်သူအားလုံးအပေါ်တွင် သက်ရောက်နေသကဲ့သို့ ကျား/မ ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကလည်း အမျိုးသမီးများ၏ ဒစ်ဂျစ်တယ် နည်းပညာနှင့် အလှမ်းကွာနေရသည့် အခြေအနေကို ဗူးလေးရာ ဖရုံဆင့် ဖြစ်စေပါသည်။ ဥပမာအားဖြင့် အမျိုးသားများ၏ ငွေကြေး *(မိသားစုဝင်ငွေ)* အပေါ် စီမံကွပ်ကဲနိုင်မှု၊ အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက နည်းပညာအသုံးပြုမှုဆိုင်ရာ ဦးစားပေးခံရမှု၊ အမျိုးသမီးများ လက်လှမ်းမှီရရှိနိုင်ခွင့် နည်းပါးသည့် နည်းစနစ်များကို ရယူအသုံးပြုနိုင်မှု စသည့် ကျား/မ ဆိုင်ရာ စံသတ်မှတ်ချက်များ ဖြစ်ကြပါသည်။

## အစိုးရထံသို့အကြံပြုချက်များ

သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းပြတ်သားစွာ၊ ပွင့်လင်းမြင်သာသည့်နည်းလမ်းဖြင့် အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်းဖြင့် အရည်အသွေးပြည့်ဝ၊ မြင့်မားသည့် သတင်းအချက်အလက်များ ရရှိနိုင်စေရန် စီစဉ်ပြုလုပ်ပေးခြင်း။

အမျိုးသမီးများပိုမိုလွယ်ကူအဆင်ပြေစွာ အင်တာနက်ရယူအသုံးပြုနိုင်စေရန်အတွက် လူထုရန်ပုံငွေများ ထူထောင်ပေးခြင်း။

ကွန်ပျူတာစာလုံးသုံးစွဲရာတွင် ရှုပ်ထွေးမှုများ ပေါ်ပေါက်ခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ယူနီကုတ် (Unicode)(ပြည်ထောင်စု)ကို အားလုံးတညီတညာတည်း အသုံးပြုကြရန် ဥပဒေအာဏာပြဋ္ဌာန်းခြင်း၊ ဆွဲဆောင်စည်းရုံးခြင်း။

အသေးစိတ် ခွဲခြမ်းစိတ်ဖြာထားသော သတင်းအချက်အလက်များ (အသက်အရွယ်နှင့် ကျား/မဆိုင်ရာ အချက်အလက်များ အပါအဝင်) ကို စုစည်းနိုင်သည့် အခွင့်အာဏာပေးအပ်ခြင်း။

ထိရောက်သော သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ စနစ်တစ်ခု ဖန်တီး၍ အဆိုပါ သတင်းအချက်အလက်များကို အများပြည်သူ အလွယ်တကူ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်စေရန်နှင့် အသုံးပြုနိုင်စေရန် လမ်းကြောင်းများ စီစဉ်ပေးခြင်း။

## ပုဂ္ဂလိက ကဏ္ဍ

ထိရောက်မြန်ဆန်၍ အများပြည်သူ လွယ်ကူစွာ ဝင်ရောက် လေ့လာနိုင်သော နည်းပညာစင်မြင့် (Platforms) များမှတစ်ဆင့် အချက်အလက်အစုများကို ပွင့်လင်းမြင်သာစွာ မျှဝေပေးခြင်းဖြင့် ပွင့်လင်းသတင်းအချက်အလက် ဂေဟစနစ် (Open Data Eco-System) ကို ပံ့ပိုးကူညီပေးခြင်း။

နိုင်ငံတကာ အသိအမှတ်ပြု စံချိန်စံညွှန်း၊ သတ်မှတ်ချက်များနှင့်အညီ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ခွင့် ရရှိစေရန် အစိုးရအပေါ် မေတ္တာရပ်ခံ ပန်ကြားခြင်းဖြင့် ပွင့်လင်းသတင်းအချက်အလက်ဝန်းကျင် (Open Data Environment) ကို အားပေး ကူညီခြင်း။

အမျိုးသမီးများ အနေဖြင့် လူမှုသတင်းကွန်ယက်များနှင့် သတင်းဆက်သွယ်ရေး (ဆော့ဖ်ဝဲလ်) ယန္တရားများ သာမက ဒစ်ဂျစ်တယ်ကိရိယာများ၊ နည်းပညာနယ်ပယ်များတွင်လည်း ချိတ်ဆက်ပါဝင်နိုင်စေရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်တတ်မြောက်ရေး လှုပ်ရှားမှုများ၊ စည်းရုံးလှုံ့ဆော်မှုများမှတစ်ဆင့် ပံ့ပိုးကူညီခြင်း။

အမျိုးအစား ပိုမိုစုံလင်ကျယ်ပြန့်သည့် ဒစ်ဂျစ်တယ် စင်မြင့် (Online Platforms) မျိုးစုံကို အလွယ်တကူ ဝင်ရောက် ကြည့်ရှုနိုင်သည့် အင်တာနက် အသုံးပြုခွင့်ကတ် (Internet Packages) များကို အများပြည်သူ ဝယ်ယူနိုင်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရန်အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

အမျိုးသမီးများ၊ မိန်းကလေးများ၊ ၎င်းတို့၏မိသားစုများအား သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ (ICT) လေ့ကျင့်သင်ကြားရေး အစီအစဉ်များ စီစဉ်ဖြည့်ဆည်းပေးနိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများ၊ ပညာသင်ကြားရေးဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်း။

## အရပ်ဖက်လူမှုအဖွဲ့အစည်း

တိုင်းရင်းသား ဘာသာစကားများအပါအဝင် ဘာသာစကားပေါင်းများစွာဖြင့် ဖော်ပြထားသည့် အရည်အသွေးပြည့်ဝသော သတင်းအချက်အလက်များ ရယူအသုံးပြုနိုင်ရန်အတွက် စီစဉ်ပြုလုပ်ပေးရန် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တွန်းအားပေး ဆောင်ရွက်ခြင်း။

အသေးစိတ် ခွဲခြမ်းစိတ်ဖြာထားသော ကျား/မဆိုင်ရာ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသော သတင်းအချက်အလက်စနစ် စီစဉ်ဖန်တီးနိုင်ရန် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အကျိုးစီးပွားပတ်သက်ပါဝင်နေသူ အားလုံးက ထောက်ခံပံ့ပိုးပေးခြင်း၊တွန်းအားပေးဆောင်ရွက်ခြင်း။

သတင်းရင်းမြစ်အမျိုးမျိုးမှ ရရှိသည့် အချက်အလက်များကို ပေါင်းစပ်၍ ခွဲခြမ်းစိတ်ဖြာမှုများ ထပ်မံပြုလုပ်နိုင်ရန်အတွက် သတင်းအချက်အလက်ဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ရေးဆွဲရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများနှင့်အတူ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ အကျိုးစီးပွား ပတ်သက်ပါဝင်နေသူ အားလုံးက ပူးပေါင်းပါဝင်၊ ကူညီဆောင်ရွက်ခြင်း။

အမျိုးသမီးများနှင့် ပတ်သက်အကျုံးဝင်သည့် လိုအပ်ချက်များကိုဖြည့်ဆည်းပံ့ပိုးပေးနိုင်သည့် သတင်းအချက်အလက်များ သတ်မှတ်ဖော်ထုတ်၍ ထိန်းကျောင်းမောင်းနှင်နိုင်ရန်အတွက် အမျိုးသမီးများ၏ ရပ်ဝန်းနယ်ပယ်တစ်ခု တည်ဆောက်ပေးခြင်း။

## ဆင့်ကဲသက်ရောက်မှုများကိုပေါ်ပေါက်စေသည့် စနစ်ဆိုင်ရာချုပ်ချယ်ကန့်သတ်မှုများ

အဖွဲ့အစည်းဆိုင်ရာ သတင်းအချက်အလက်များကို ကန့်သတ်ပိတ်ပင်ထားသည့် အလေ့အထများနှင့် ကျား/မဆိုင်ရာ ယဉ်ကျေးမှုစံနှုန်းသတ်မှတ်ချက်များသည်လည်း သိသာထင်ရှားသည့် နောက်ထပ်အဟန့်အတားတစ်ရပ်အဖြစ်တည်ရှိနေပြီးဖော်ထုတ်တွေ့ရှိထားသည့် အခြားအတားအဆီးများနှင့် အပြန်အလှန် ပတ်သက်ဆက်နွယ်လျက်ရှိပါသည်။

အဆိုပါ အဟန့်အတားများ၊ ကန့်သတ်ချုပ်ချယ်မှုများက အမျိုးသမီးများ၏ ပွင့်လင်း သတင်းအချက်အလက် များလွတ်လပ်စွာရယူကြည့်ရှုလေ့လာနိုင်ခွင့် အထွေ ထွေ အခွင့်အရေးအပေါ် မညီမမျှမှုများကို ဆက်လက် တည်တံ့ခိုင်မြဲစေပါသည်။

## အစိုးရထံသို့အကြံပြုချက်များ

ပွင့်လင်း အစိုးရမိတ်ဖက်လုပ်ငန်းစဉ်များ၏ အဖွဲ့ဝင် (အစိတ်အပိုင်း) တစ်ရပ်အဖြစ် ပါဝင်နိုင်စေရန် ကနဦးအားထုတ်မှုများ အစပျိုးဆောင်ရွက်ခြင်း။

ကျား/မ ရေးရာ တုန့်ပြန်ဆောင်ရွက်အရေးယူမှု ပွင့်လင်းသတင်းအချက်အလက်များဆိုင်ရာ မူဝါဒတစ်ရပ်ကို သဘောတူ၊ လက်ခံ၊ ကျင့်သုံးခြင်း။

သတင်းအချက်အလက် ရယူ၊ ကြည့်ရှု၊ လေ့လာခွင့်ဆိုင်ရာဥပဒေမူကြမ်းများ၊ ဥပဒေပြုစုရေးဆွဲပြဌာန်းမှုများကို ပိုမိုထိရောက် ကောင်းမွန်စေရန်အတွက် လွှတ်တော်လုပ်ငန်းစဉ်များမှတစ်ဆင့် သုံးသပ်ခြင်း၊ ဝေဖန်ဆန်း စစ်ခြင်း။

ကျား/မအခြေပြု အကြမ်းဖက်မှုများကို တားမြစ်အရေးယူသည့် ဥပဒေကဲ့သို့သော ကျား/မဆိုင်ရာ ဥပဒေများကို စိစစ်သုံးသပ်ခြင်းနှင့် အတည်ပြုပြဌာန်းခြင်း။

လွှတ်တော်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အမျိုးသမီးများ သိရှိနားလည်စေရန် ပညာပေးအစီအစဉ်များ စီစဉ်ပံ့ပိုးပေးခြင်း။

## အရပ်ဖက်လူမှုအဖွဲ့အစည်း

ပွင့်လင်း သတင်းအချက်အလက်များနှင့်တကွ နေ့စဉ် ဘဝနှင့်ဆက်စပ်နေသော သတင်းအချက်အလက်များအပေါ် သတိပြုနားလည်မှု ပိုမိုတိုးတက်အားကောင်းလာစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

အများပြည်သူတိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်သည့် သိပ္ပံသုတေသနစီမံကိန်းများကဲ့သို့သော ပွင့်လင်း သတင်းအချက်အလက်ဆိုင်ရာအစီအစဉ်များကို အမျိုးသမီးထုအဖွဲ့အစည်းများအကြားတွင် အစပျိုး ပြုလုပ်နိုင်ရန် စည်းရုံးဆော်သြခြင်း။

ပွင့်လင်းအစိုးရမိတ်ဖက်လုပ်ငန်းစဉ်များနှင့် ပွင့်လင်းသတင်းအချက်အလက်ဆိုင်ရာမူဝါဒများအပေါ် အစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ပိုမိုစိတ်အားထက်သန်လာစေရန် ထောက်ခံတင်ပြခြင်း။

ပွင့်လင်းသတင်းအချက်အလက်အစု၊ ဝက်ဆိုက်မုခ်ဝများ (portals) (ဝက်ဆိုက်များသို့ ဝင်ရောက်ကြည့်ရှုနိုင်သည့် လင့်များ) လွယ်ကူချောမွေ့လာစေရန် ၊ငြိမ်းချမ်းရေးဖြစ်စဉ်များအားကောင်း ခိုင်မာလာစေရန် ရည်ရွယ်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငွေကြေးပံ့ပိုးမှုနှင့် စွမ်းရည်တည်ဆောက် မြှင့်တင်ရေးအစီအစဉ်များမှတစ်ဆင့် အမျိုးသမီးများ ခေတ်မှီနည်းပညာရပ်များကို ပိုင်နိုင်ကျွမ်းကျင်စွာအသုံးပြုနိုင်လာစေရန် ပံ့ပိုးကူညီပေးခြင်း။

(ဥပမာအားဖြင့်) သတင်းဆက်သွယ်ရေးဝက်ဆိုက်၊ အင်တာနက်စင်မြင့် (Online Platform) တည်ဆောက်ဖန်တီးပေးခြင်းဖြင့် အစိုးရ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်း၊ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုချောမွေ့ လာစေရန် ပံ့ပိုးဖြည့်ဆည်းပေးခြင်း။

## ရည်ညွှန်းကိုးကားချက်များ

(၁) Sheila Scott (၂၀၁၇) ၊ မြန်မာနိုင်ငံတွင် ကျား/မ အကြားဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခွင့် ခွဲခြားမှုကို အဆုံးသတ်ခြင်း။ အောက်ဖော်ပြပါလင့် https://www.irex.org/sites/default/files/node/resource/gender-digital-divide-myanmar-assessment.pdf တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

(၂) ကမ္ဘာ့ဘဏ် (၂၀၁၉)၊ ကျား/ မ ဆိုင်ရာ သတင်းအချက်အလက်အစု။ အောက်ဖော်ပြပါလင့် http://datatopics.worldbank.org/gender/country/myanmar ဝဘ်ဆိုက်မှခံ၀၊ မြန်မာနိုင်ငံ တွင် (၂၀၁၉) နိုဝင်ဘာမှ စတင်ဝင်ရောက် အသုံးပြုခဲ့သည်။

(၃) လွတ်မြောက်ခြင်းအိမ် (၂၀၁၉)၊ ကမ္ဘာအဝန်း၌ လွတ်လပ်ခွင့်ရရှိခြင်း။ (၂၀၂၀) ဇန်နဝါရီ (၂၈) အောက်ဖော်ပြပါလင့် https://freedomhouse.org/report/freedom-world/2019/myanmar တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှစတင် ဝင်ရောက် အသုံးပြုခဲ့သည်။

နိုင်ငံတကာအသုံးစရိတ်ဆိုင်ရာ မိတ်ဖက်လုပ်ငန်းစဉ် (၂၀၁၇)။ ပွင့်လင်း အသုံးစရိတ်စစ်တမ်း (၂၀၁၇)၊ မြန်မာနိုင်ငံ။ အောက်ဖော်ပြပါလင့် https://www.internationalbudget.org/wp-content/uploads/myanmar-open-budget-survey-2017-summary.pdf တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

(၄) Sheila Scott (၂၀၁၇) ၊ မြန်မာနိုင်ငံတွင် ကျား/မ အကြား ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခွင့် ခွဲခြားမှုကို အဆုံးသတ်ခြင်း။ အောက်ဖော်ပြပါလင့် https://www.irex.org/sites/default/files/node/resource/gender-digital-divide-myanmar-assessment.pdf တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

(၅) Hootsuite နှင့် We Are Social (၂၀၁၉) ။ ဒစ်ဂျစ်တယ်မြန်မာ ၂၀၁၉ (ဇန်နဝါရီ ၂၀၁၉) ။ အောက်ဖော်ပြပါလင့် https://www.slideshare.net/DataReportal/digital-2019-myanmar-january-2019-v01 တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင်ဝင်ရောက် အသုံးပြုခဲ့သည်။

(၆) ပွင့်လင်းအစိုးရမိတ်ဖက်လုပ်ငန်းစဉ်(၂၀၁၉)။ မြန် မာနိုင်ငံဆိုင်ရာ ပွင့်လင်းအစိုးရ အကူအညီ အစီအစဉ် (DK0048)။ အောက်ဖော်ပြပါလင့် https://www.opengovpartnership.org/members/denmark/commitments/DK0048/ တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

(၇) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။ ပြည်ထောင် စုသမ္မတမြန်မာနိုင်ငံတော် (၂၀၀၈) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ။ အောက်ဖော်ပြပါလင့် https://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

(၈) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်။ (၁၉၈၂) မြန်မာနိုင်ငံ နိုင်ငံသားဥပဒေ၊ အပိုဒ်ခွဲ (၃) နှင့် (၄)။ အောက်ဖော်ပြပါလင့် https://www.ilo.org/dyn/natlex/natlex4.detail?p_lang=en&p_isn=87413&p_country=MMR&p_count=86 တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင်ဝင်ရောက် အသုံးပြုခဲ့သည်။

(၉)အောက်ဖော်ပြပါလင့် https://theananda.org/en/blog/view/backgrounder-summary-PoVAW-Bill တွင် (၂၀၂၀) ဇူလိုင် (၁၇) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

(၁၀) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။ ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၂၀၀၈) ဖွဲ့စည်းအုပ် ချုပ်ပုံ အခြေခံဥပဒေ။ အောက်ဖော်ပြပါ လင့် https://data.opendevelopmentmekong.net/laws_record/2008-constitution တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

(၁၁) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်သော ဥပဒေ (၂၀၁၇) အပိုဒ်ခွဲ ၅ (၁) နှင့် ၈ (ဃ)။ အောက်ဖော်ပြပါ လင့် https://www.myanmarresponsiblebusiness.org/pdf/Law-Protecting-Privacy-and-Security-of-Citizens_en_unofficial.pdf တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင်ဝင်ရောက် အသုံးပြုခဲ့သည်။

(၁၂) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်။ နိုင်ငံသား များ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်သောဥပဒေ (၂၀၁၇) အပိုဒ်ခွဲ ၃၄ (ခ)။ အောက်ဖော်ပြပါ လင့် https://www.myanmar-responsiblebusiness.org/pdf/Law-Protecting-Privacy-and-Security-of-Citizens_en_unofficial.pdf တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင်ဝင်ရောက် အသုံးပြုခဲ့သည်။

(၁၃) ဦးရန်နောင်စိုး (၂၀၁၉) အချက်အလက်များကို ကာကွယ်ခြင်း။ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု၊ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုနှင့် အဆင်ပြေချောမွေ့တို့ကို ဟန်ချက်ညီမျှစေခြင်း။ အောက်ဖော်ပြပါ လင့် https://www.slideshare.net/ethicalsector/data-protection-balancing-convenience-privacy-and-security တွင် (၂၀၂၀) ဇန်နဝါရီ (၂၈) မှ စတင်ဝင်ရောက် အသုံးပြုခဲ့သည်။

(၁၄) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန (၂၀၁၃)။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ။ အောက်ဖော်ပြပါလင့် https://data.opendevelopmentmekong.net/library_record/national-strategic-plan-for-advancement-of-women-2013-2022 တွင် (၂၀၂၀) ဩဂုတ် (၁၈) မှ စတင် ဝင်ရောက် အသုံးပြုခဲ့သည်။

မြန်မာ အချက်အလက်များ စီမံခန့်ခွဲမှုအစီရင်ခံစာသည် ဒေတာသုတေသန မဲခေါင်ဒေသအမျိုးသမီးများတွင် ပါဝင်သော အစီရင်ခံစာတစ်ခုဖြစ်သည်။ Open Development Initiative နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလေ့လာမှုဌာန Myanmar Institute of Peace and Security Studies တို့ ပူးပေါင်းမှုအောက်တွင် ဤသုတေသနအစီရင်ခံစာကို တီထွင်ဖြန့်ဝေခဲ့သည်။ ဤလုပ်ငန်းကိုအကောင်အထည်ဖော်သည့် ခင်မမမျိုးနှင့် ပန်မြိုင်အား ကျွန်ုပ်တို့ ကျေးဇူးတင်ရှိပါသည်။

ဤသုတေသနကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု သုတေသနစင်တာ၊ အိုတာဝါ၊ ကနေဒါ၊ www.idrc.caမှ လည်းကောင်း၊ ဂလိုဘယ်ရေးရာကနေဒါ (GAC) မှတစ်ဆင့် ကနေဒါအစိုးရ၏ငွေရေးကြေးရေး အထောက်အပံ့ဖြင့်လည်းကောင်း လုပ်ဆောင်ခဲ့သည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသောအမြင်များသည် IDRC (သို့) ကနေဒါအစိုးရ၏အမြင်ကို ထင်ဟပ်ရန်မလိုအပ်ပါ။